# မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

ဘဏ္ဍာရေးရှင်းတမ်းများ

၂၀၂၄ ခုနှစ် မတ်လ (၃၁) ရက်

ငွေကြေး-မြန်မာကျပ်ငွေ (ထောင်ပေါင်း)

*ဝင်းသင်နှင့်အဖွဲ့ စာရင်းစစ်များ*

*လက်မှတ်ရပြည်သူ့စာရင်းကိုင်များ*

မြန်မာအက်ဂရီအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
ဘဏ္ဍာရေးရှင်းတမ်းများ
၂၀၂၄ ခုနှစ်၊ မတ်လ (၃၁)ရက်

| မာတိကာ | စာမျက်နှာ |
|---|---|
| စီမံအုပ်ချုပ်သူများ၏ တာဝန်ဖော်ပြချက် | ၁ |
| ပြင်ပစာရင်းစစ်အစီရင်ခံစာ | ၂ - ၆ |
| ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း | ၇ |
| ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း | ၈ |
| အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း | ၉ |
| ငွေသားစီးဆင်းမှုရှင်းတမ်း | ၁၀ |
| ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများ | ၁၁ - ၃၁ |

**MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.**
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

**မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**
**စီမံအုပ်ချုပ်မှုသူများ၏ တာဝန်ဖော်ပြချက်**

**မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်** ၏ ၂၀၂၄ ခုနှစ် ၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း ၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှု ရှင်းတမ်းနှင့် စာရင်းဆိုင်ရာ အရေးပါသော မူဝါဒများ အကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသော မှတ်စုများပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန် ဖြစ်ပါသည်။

ယင်းတာဝန်တွင်-

- ဆီလျော်သော စာရင်းဆိုင်ရာ မူဝါဒများအား ရွေးချယ်၍ တစ်သမတ်တည်း ကျင့်သုံးခြင်းနှင့်
- အမြော်အမြင်ရှိပြီး ကျိုးကြောင်းဆီလျော်မှုရှိသော ခန့်မှန်းခြင်းနှင့် ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းတို့ကို ပြုလုပ်ခြင်း စသည် တို့ ပါဝင်ပါသည်။

ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေမှန်ကို မည်သည့်အချိန်တွင်မဆို မှန်ကန်စွာဖော်ပြရန်အလို့ငှာ စီမံအုပ်ချုပ်သူများ အနေဖြင့် သင့်လျော်သော စာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိရန် တာဝန်ရှိပါသည်။ ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ရပိုင်ခွင့်များကို လုံခြုံမှု ရှိစေရန်နှင့် မသမာမှုများနှင့် အခြားစည်းမျဉ်းမကျမှုများကို ကာကွယ်ဖော်ထုတ်ရန်အတွက် သင့်လျော်သလို ဆောင်ရွက်ရန် အထွေထွေတာဝန်ရှိပါသည်။

စီမံအုပ်ချုပ်သူများကိုယ်စား

ဦးဝင်းအောင်
ဥက္ကဌ
မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

MYANMAR AGRO EXCHANGE ★ PUBLIC LIMITED ★

၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၁) ရက်။

ဝင်းသင်နှင့်အဖွဲ့လီမိတက်

**WIN THIN & ASSOCIATES LTD**

CERTIFIED PUBLIC ACCOUNTANTS

Room (2B/2C) 1st Floor, Rose Condominium, No. 182/194, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar. Tel: 95-1-8201798, 8296164, Fax: 95-1-8245671 Email: info@winthinassociates.com

စာအမှတ် - ၁၉၃ / အမ် - ၂၈၃ / မတ် ၂၀၂၄

## ပြင်ပစာရင်းစစ်အစီရင်ခံစာ

**မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ အစုရှယ်ယာရှင်များ**

**ဘဏ္ဍာရေးရှင်းတမ်းများ နှင့်စပ်လျဉ်းသည့် စာရင်းစစ်ဆေးမှုအပေါ် အစီရင်ခံစာ**

### စာရင်းစစ်ထင်မြင်ယူဆချက်

ကျွန်တော်များ စာရင်းစစ်အဖွဲ့သည် မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (ကုမ္ပဏီ) ၏ ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၊ ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှင်များ၏ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသော စာရင်းဆိုင်ရာမူဝါဒများ အကျဉ်းချုပ် ပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

ပူးတွဲပါ ဘဏ္ဍာရေးရှင်းတမ်းများသည် ကုမ္ပဏီ၏ ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေး အခြေအနေ၊ ယင်းနေ့ကုန်ဆုံးသော နှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များနှင့် ငွေသားစီးဆင်းမှုများကို မြန်မာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခြေအနေအမှန်ကို သင့်တင့်လျောက်ပတ်စွာ ဖော်ပြထားကြောင်း ကျွန်တော်များ ထင်မြင်ယူဆပါသည်။

### စာရင်းစစ်ထင်မြင်ယူဆချက်အတွက် အခြေခံမှု

ကျွန်ုပ်တို့စာရင်းစစ်အဖွဲ့သည် နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စစ်ဆေးမှုဆောင်ရွက်ခဲ့ပါသည်။ အဆိုပါစံများအရ ကျွန်တော်များအဖွဲ့၏ တာဝန်များကို ဤအစီရင်ခံစာ၏ ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းစစ်ဆေးခြင်းအတွက် စာရင်းစစ်၏ တာဝန်ကဏ္ဍတွင် ထပ်မံဖော်ပြထားပါသည်။ ကျွန်တော်များသည် International Ethics Standards Board for Accountants International Code of Ethics for Professional Accountants (including International Independence Standards) (IESBA Code) နှင့် မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်ဆေးခြင်းနှင့် သက်ဆိုင်သည့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့်အညီ ကုမ္ပဏီနှင့် သီးခြားလွတ်လပ်စွာ ရပ်တည်ခဲ့ပြီး၊ IESBA Code နှင့်အညီ ကျွန်တော်များအဖွဲ့အနေဖြင့် အခြားသော ကျင့်ဝတ်သိက္ခာပိုင်း ဆိုင်ရာ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ခဲ့ပါသည်။ ကျွန်တော်များရရှိခဲ့သော စာရင်းစစ် အထောက်အထားများသည် ကျွန်တော်များ၏ စာရင်းစစ်ထင်မြင်ယူဆချက်အတွက် အခြေပြုရန် လုံလောက်သင့်လျော်သည်ဟု ယုံကြည်ပါသည်။

## အဓိကကျသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များ

အဓိကကျသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များသည် ကျွန်တော်များ၏ အတတ်ပညာပိုင်းဆိုင်ရာ ပိုင်းခြားချင့်ချိန် သုံးသပ်ခြင်းအရ ယခုနှစ်၏ ဘဏ္ဍာရေးရှင်းတမ်းကို စစ်ဆေးရာတွင် အရေးပါဆုံးသော ကိစ္စရပ်များဖြစ်ပါသည်။ အဆိုပါကိစ္စရပ်များကို ဘဏ္ဍာရေးရှင်းတမ်း တစ်ခုလုံးအနေဖြင့် စာရင်းစစ်ဆေးခြင်းနှင့် ၎င်းအပေါ် ကျွန်တော်များ၏ စာရင်းစစ် ထင်မြင်ယူဆချက်ကို ပြုစုရာတွင်ထည့်သွင်းစဉ်းစား ခဲ့ပါသည်။ အဆိုပါကိစ္စရပ်များနှင့် ပတ်သက်ပြီး သီးခြားထင်မြင်ယူဆချက်ပေးမည် မဟုတ်ပါ။

### အဓိကကျသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များ

**ဝင်ငွေအဆောက်အဦးများရောင်းချခြင်း**

ဘဏ္ဍာရေးရှင်းတမ်းများ၏ မှတ်စု ၂(ဏ) နှင့် ၂၀ တို့ကို ရည်ညွှန်းပါသည်။

ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီ၏ အဆောက်အဦးများ ရောင်းချခြင်း မှဝင်ငွေမှာ (လုံးချင်းအဆောက်အဦးနှင့် အလယ်အလတ်လက်ကား ဈေးရုံးခန်းတို့အတွက်) မြန်မာကျပ်ငွေ ၁၉,၄၁၃,၆၉၁,၀၀၀ ဖြစ်ပါ သည်။ ၎င်းမှာ စုစုပေါင်း ဝင်ငွေ၏ ၇၉ ရာခိုင်နှုန်းဖြစ်ပါသည်။ ကုမ္ပဏီသည် ဝင်ငွေ အဖြစ်စာရင်း သွင်းရာတွင် အဆောက်အဦး အမျိုးအစားပေါ်မူတည်၍ မတူညီသောနည်းလမ်းနှစ်သွယ်ဖြင့် စာရင်းမူဝါဒကို ချမှတ်ထားပါသည်။

အထက်ပါအချက်များကို အခြေပြု၍ Key audit matter ကိုသတ်မှတ်ပါသည်။

### အဓိကကျသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ကျွန်တော်များ စာရင်းစစ်ဆေးရာတွင် ကိုင်တွယ်ဖြေရှင်းခဲ့သည့် နည်းလမ်း

အဆောက်အဦးများ ရောင်းချခြင်းမှရငွေကို စစ်ဆေးရာတွင် အောက်ပါ စာရင်းစစ် လုပ်ထုံးလုပ်နည်းများကို ချမှတ်စစ်ဆေးပါသည်။

ပုံမှန်ထက် ထူးခြားသော သို့မဟုတ် ပမာဏများပြားသော အကြောင်း အရာများကို စိစစ်ရာတွင် နှိုင်းယှဉ်စစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

ဝင်ငွေအဖြစ် စာရင်းရေးသွင်းခြင်းများအတွက် ချမှတ်ထားသော စာရင်း မူဝါဒသည် မြန်မာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့် ကိုက်ညီမှု ရှိမရှိ သုံးသပ်ပါသည်။

တန်ဖိုးနှင့်ဝင်ငွေခန့်မှန်းမှု၊ တိုးတက်မှုရာခိုင်နှုန်း တိုင်းတာခြင်းနှင့် ကွဲလွဲမှုများ၊ ပြောင်းလဲမှုများ စာရင်းတင်ရေးသွင်းခြင်းများ စသည် တို့ပါဝင်သော ကုမ္ပဏီ၏ လုပ်ဆောင်မှုအဆင့်ဆင့် နည်းလမ်းသည် သင့်လျော်မှု ရှိမရှိ အကဲဖြတ်ပါသည်။

အရောင်းစာချုပ်များနှင့်ပတ်သက်သော ကုမ္ပဏီ၏စာရင်းမူဝါဒများ၊ ဖော်ပြချက်များနှင့် ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုစနစ်များကို လည်းမြန်မာ ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့် ညီညွတ်မှု ရှိမရှိ စိစစ်ခဲ့ပါသည်။

အရောင်းစာချုပ်များကို လျော်ကန်သင့်မြတ်စွာ ချုပ်ဆိုထားခြင်း ရှိမရှိ သိရှိရန် စိစစ်ခဲ့ပါသည်။

ကျခံခဲ့သောအသုံးစရိတ် သို့မဟုတ် ကျခံရန်ရှိသော အသုံးစရိတ် များသည် ယုံကြည်စိတ်ချစွာ တွက်ချက်နိုင်ကြောင်း စိစစ်ခဲ့ပါသည်။

ပြီးစီးမှုအဆင့်ကို ယုံကြည်စိတ်ချစွာ တွက်ချက်ထားကြောင်း စိစစ်တွေ့ ရပါသည်။

ဘဏ္ဍာရေးရှင်းတမ်းတွင် စာရင်းရေးသွင်းထားသော ဝင်ငွေပမာဏ မှန်ကန်မှုရှိမရှိ ပြန်လည်တွက်ချက်စိစစ်ခဲ့ပါသည်။

နှစ်ချုပ်စာရင်းပါ ဖော်ပြချက်များသည် မြန်မာဘဏ္ဍာရေးအစီရင်ခံခြင်း ဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီ လုံလောက်စွာဖော်ပြထားခြင်း ရှိမရှိ စိစစ်ခဲ့ပါသည်။

**ကုန်သွယ်မှုရရန်ရှိ**

ဘဏ္ဍာရေးရှင်းတမ်းများ၏ မှတ်စု ၂(ဇ) နှင့် ၁၀ တို့ကို ရည်ညွှန်းပါသည်။

ဘဏ္ဍာရေးနှစ်အတွင်း အဆောက်အဦးများ ရောင်းချခြင်းသည် သိသာထင်ရှားစွာ မြင့်တက်လာခဲ့ပါသည်။ အကျိုးဆက်အနေဖြင့် ကုန်သွယ်မှုရရန်ရှိများလည်း မြင့်တက်လာပြီး ၎င်းသည် မြန်မာကျပ် ၆,၈၀၃,၇၂၀,၁၅၀ ဖြစ်၍ စုစုပေါင်းတစ်နှစ် အတွင်း ရရန်ရှိတန်ဖိုး၏ ၂၄ ရာခိုင်နှုန်း ရှိပါသည်။ ဝယ်သူများနှင့်အကြွေးကာလ သဘောတူညီချက်မှာ အရစ်ကျစနစ်ဖြစ်ပါသည်။

အထက်ပါအချက်များကို အခြေပြု၍ Key audit matter ကိုသတ်မှတ်ပါသည်။

ကုန်သွယ်မှုရရန်ရှိများ၏ မှန်ကန်မှုကို စစ်ဆေးရာတွင် အောက်ပါ စာရင်းစစ် လုပ်ထုံးလုပ်နည်းများပါဝင်ပါသည်။

ပုံမှန်ထက်ထူးခြားသော သို့မဟုတ် ပမာဏများပြားသော အကြောင်းအရာများကို စိစစ်ရန် နှိုင်းယှဉ်စစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

စာရင်းပိတ်သည့်နေ့ရှိ လယ်ဂျာထဲတွင် စာရင်းများအရ ဖော်ပြထားသော ရရန်ရှိများသည် ကုမ္ပဏီဥပဒေအရ အမှန်တကယ် ရပိုင်ခွင့်ရှိမရှိ သေချာစေရန် အရောင်းစာချုပ်များကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

စာရင်းပိတ်သည့်နေ့ သို့မဟုတ် စာရင်းမပိတ်မီ အကြွေးစာရင်းများကို လယ်ဂျာတွင် မှန်ကန်စွာရေးသွင်းမှု ရှိမရှိ စစ်ဆေးခဲ့ပါသည်။

လုံလောက်သော ကြွေးဆုံးလျာထားမှုများကို ပြုလုပ်ခဲ့ခြင်း ရှိမရှိ စစ်ဆေးခဲ့ပါသည်။

စာရင်းပိတ်သည့်နေ့ရှိ ကြွေးလက်ကျန်ပမာဏ မှန်ကန်မှု ရှိမရှိ သိရှိနိုင်ရန် ဝယ်သူများထံမှ လက်ကျန်စာရင်း အတည်ပြုချက် များကို တိုက်ရိုက်ရယူခဲ့ပါသည်။

နှစ်ချုပ်စာရင်းတွင် ဖော်ပြချက်များသည် မြန်မာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီ လုံလောက်စွာ ဖော်ပြထားခြင်း ရှိမရှိ စိစစ်ခဲ့ပါသည်။

**ဘဏ္ဍာရေးရှင်းတမ်းများအတွက် စီမံအုပ်ချုပ်သူများနှင့် စီမံခန့်ခွဲမှု ကြီးကြပ်သူများ၏တာဝန်**

ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုစုပြီး သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပြီး လိမ်လည်မှု၊ မှားယွင်းမှုတို့ကြောင့် အရေးပါသော လွဲမှားဖော်ပြမှုများမှ ကင်းရှင်းသော ဘဏ္ဍာရေးရှင်းတမ်းများကို ရေးဆွဲနိုင်ရန်၊ လုပ်ငန်းတွင်း ထိန်းချုပ်မှုအစီအစဉ်ကို စီမံအုပ်ချုပ်သူများမှ ချမှတ်ထားရှိရန် လိုအပ်ပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုရေးဆွဲရာတွင် စီမံအုပ်ချုပ်သူများသည် ကုမ္ပဏီကို ဖျက်သိမ်းရန် သို့မဟုတ် လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းရန် ရည်ရွယ်မှုမရှိလျှင် သို့မဟုတ် ထိုသို့လုပ်ဆောင်ရန်မှလွဲ၍ လက်တွေ့ကျသော အခြားရွေးချယ်စရာမရှိမှု မရှိလျှင် ကုမ္ပဏီ၏ ဆက်လက်လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ခြင်း၊ ဆက်လက်လုပ်ဆောင်နိုင်မှု အခြေအနေနှင့် ပတ်သက်သည့်ကိစ္စများကို ထုတ်ဖော်ခြင်းနှင့် ဆက်လက်လုပ်ဆောင်နိုင်မှုနှင့် သက်ဆိုင်သည့် စာရင်းကိုင်မှုများကို အသုံးပြုခြင်းတို့သည် စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။

စီမံခန့်ခွဲမှုကြီးကြပ်သူများ၏ တာဝန်သည် ကုမ္ပဏီ၏ ဘဏ္ဍာရေးအစီရင်ခံခြင်း လုပ်ငန်းစဉ်ကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခြင်းနှင့်စပ်လျဥ်းသည့် စာရင်းစစ်၏တာဝန်

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ လိမ်လည်မှု၊ မှားယွင်းမှုကြောင့် ဘဏ္ဍာရေးရှင်းတမ်းများ တစ်ရပ်လုံးသည် အရေးပါသော မှားယွင်းစွာ ဖော်ပြမှုများမှ ကင်းရှင်းကြောင်း၊ ကျိုးကြောင်းဆီလျော် သေချာမှုရရှိရန်နှင့် ကျွန်တော်များ၏ စာရင်းစစ်ထင်မြင်ယူဆချက် ပါဝင်သော စာရင်းစစ်အစီရင်ခံစာကို ထုတ်ပြန်ရန်ဖြစ်ပါသည်။ ကျိုးကြောင်းဆီလျော်သေချာမှုဆိုသည်မှာ မြင့်မားသောအဆင့်သေချာမှုဖြစ်သော်လည်း နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ဆေးရာတွင် တည်ရှိနေသော အရေးပါသည့် မှားယွင်းဖော်ပြချက်အား အမြဲတွေ့ရှိမည်ဟု အာမခံချက် ပေးခြင်းမဟုတ်ပါ။ မှားယွင်းဖော်ပြမှုများသည် လိမ်လည်မှု၊ မှားယွင်းမှုတို့ကြောင့် ဖြစ်ပေါ်လာနိုင်ပြီး မှားယွင်းဖော်ပြမှုများသည် တစ်ခုချင်း သို့မဟုတ် စုပေါင်းခြင်းအားဖြင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသုံးပြုသူများ၏ စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ကျိုးကြောင်းဆီလျော်စွာ ဩဇာလွှမ်းမိုးနိုင်ခဲ့ပါက အရေးပါသည်ဟုထင်မြင်ယူဆပါသည်။

နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကျွန်တော်များသည် စာရင်းစစ်ဆေးမှု တစ်လျှောက် အတတ်ပညာပိုင်းဆိုင်ရာ ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းကို ကျင့်သုံးရန်နှင့် စစ်ဆေးခြင်းပညာဆိုင်ရာ သံသယ (skepticism) စိတ်ထားရှိရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည်

- လိမ်လည်မှု၊ မှားယွင်းမှုကြောင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ အရေးပါသော မှားယွင်းစွာဖော်ပြမှု အန္တရာယ်များအား ဖော်ထုတ်ရန်နှင့် အကဲဖြတ်ရန်၊ အဆိုပါအန္တရာယ်များအားတုံ့ပြန်သော စာရင်းစစ် လုပ်ထုံးလုပ်နည်းများ ရေးဆွဲဆောင်ရွက်ရန်၊ ကျွန်တော်များ၏ စာရင်းစစ်ထင်မြင်ယူဆချက်အတွက် အခြေခံမှုပြုရန် လုံလောက်သင့်လျော်သော စာရင်းစစ်အထောက် အထားများ ရယူရန်ဖြစ်ပါသည်။ လိမ်လည်မှုကြောင့်ဖြစ်ပေါ်သော အရေးပါသည့် လွဲမှားဖော်ပြမှုများအား ဖော်ထုတ်မှု မပြုနိုင်ခြင်း အန္တရာယ်သည် မှားယွင်းမှုကြောင့်ဖြစ်ပေါ်သော အန္တရာယ်ထက် ပိုမိုကြီးမားပါသည်။ အကြောင်းရင်းမှာ လိမ်လည်မှုတွင် ပူးပေါင်းကြံစည်ခြင်း၊ အတုပြုလုပ်ခြင်း၊ ရည်ရွယ်ချက်ရှိရှိ ထိန်ချန်ထားခြင်း၊ လွဲမှားထွက်ဆိုခြင်း သို့မဟုတ် ဌာနတွင်းကြီးကြပ်မှု စနစ်အား သွေဖီခြင်းတို့ ပါဝင်နိုင်သောကြောင့် ဖြစ်ပါသည်။
- အခြေအနေနှင့် သင့်လျော်သော စာရင်းစစ်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန် စာရင်းစစ်ဆေးခြင်းနှင့်သက်ဆိုင်သော ဌာနတွင်း ကြီးကြပ်မှု လုပ်ထုံးလုပ်နည်းများကို နားလည်သဘောပေါက်ရန် လိုအပ်သော်လည်း ကုမ္ပဏီ၏ဌာနတွင်း ကြီးကြပ်မှုစနစ်ထိရောက် မှုအပေါ် စာရင်းစစ်ထင်မြင်ယူဆချက်ပေးရန် မဟုတ်ပါ။
- စီမံအုပ်ချုပ်သူများမှပြုလုပ်သော စာရင်းခန့်မှန်းခြေများနှင့် သက်ဆိုင်ရာထုတ်ဖော်ချက်များ၏ ကျိုးကြောင်းဆီလျော်မှုနှင့် အသုံးပြုထားသော စာရင်းဆိုင်ရာ မူဝါဒများ သင့်လျော်မှုကို အကဲဖြတ်ပါသည်။
- စီမံအုပ်ချုပ်သူများမှ အသုံးပြုသည့် လုပ်ငန်းဆက်လက်လုပ်ဆောင်မှု စာရင်းအခြေခံမှု၏ သင့်လျော်မှုနှင့် ရယူထားသော စာရင်းစစ်အထောက်အထားများပေါ် မူတည်၍ ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆက်လက် လုပ်ဆောင်နိုင်မှုအပေါ် ထင်ရှားသော သံသယများဖြစ်စေနိုင်သည့် အရေးပါသော မသေချာသည့် အဖြစ်အပျက် အခြေအနေရှိ/မရှိ သုံးသပ်ပါသည်။ အရေးပါသော မသေချာသည့် အခြေအနေရှိခဲ့သည်ဟု သုံးသပ်ပါက ကျွန်တော်များအနေဖြင့် ဘဏ္ဍာရေးရှင်းတမ်းများတွင် ပါရှိသော အဆိုပါ ထုတ်ဖော်ချက်အား စာရင်းစစ်အစီရင်ခံစာတွင် ရည်ညွှန်းဖော်ပြရန် လိုအပ်ပါသည်။ အကယ်၍ အဆိုပါ ဘဏ္ဍာရေး ရှင်းတမ်းများတွင်ပါရှိသော ထုတ်ဖော်ချက်များသည် လုံလောက်မှုမရှိပါက စာရင်းစစ်အစီရင်ခံစာတွင် ထုတ်ဖော်ပြသရန် လိုအပ်မည်ဖြစ်ပါသည်။ ကျွန်တော်များ၏ သုံးသပ်ချက်သည် စာရင်းစစ်အစီရင်ခံစာ ထုတ်ပြန်သည့်နေ့အထိ ရရှိထားသော စာရင်းစစ်အထောက်အထားများအပေါ် အခြေခံပါသည်။ သို့သော် အနာဂတ်အဖြစ်အပျက် သို့မဟုတ် အခြေအနေများသည် ကုမ္ပဏီအုပ်စုအား လုပ်ငန်းဆက်လက်လုပ်ဆောင်မှုကို ရပ်စဲရန် ဖြစ်ပေါ်စေနိုင်ပါသည်။
- ဘဏ္ဍာရေးရှင်းတမ်းများ၏ ထုတ်ဖော်ပြသချက်များအပါအဝင် ယေဘုယျတင်ပြမှု၊ ဖွဲ့စည်းမှု၊ ပါဝင်မှုများနှင့် ဘဏ္ဍာရေးရှင်း တမ်းများသည် အခြေခံလုပ်ဆောင်ချက်များနှင့် အဖြစ်အပျက်များအား သင့်လျော်သည့်ပုံစံဖြင့် တင်ပြထားခြင်းရှိ၊ မရှိ သုံးသပ်ပါသည်။

ကျွန်တော်များသည် စာရင်းစစ်ဆေးစဉ်အတွင်း တွေ့ရှိခဲ့သော ဌာနတွင်းကြီးကြပ်မှုစနစ်၏ အရေးပါသော အားနည်းချက်များ အပါအဝင် အရေးပါသော စာရင်းစစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်နယ်ပယ်နှင့် အချိန်အတိုင်းအတာ၊ အခြားကိစ္စရပ်များနှင့် စပ်လျဥ်း၍ စီမံခန့်ခွဲမှု ကြီးကြပ်သူများနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။

ကျွန်တော်များသည် အမှီအခိုကင်းခြင်းနှင့်ပတ်သက်၍ သက်ဆိုင်သော ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ပြီး ဖြစ်ကြောင်းနှင့် ကျွန်တော်များ၏အမှီအခိုကင်းခြင်းအပေါ် သက်ရောက်မှုရှိနိုင်သည်ဟု ကျိုးကြောင်း ဆီလျော်စွာယူဆ နိုင်သည့်ဆက်ဆံရေးများ၊ အခြားကိစ္စရပ်များအားလုံးနှင့် လိုအပ်ပါက ကျွန်တော်များ၏ အမှီအခိုကင်းခြင်းအပေါ် ခြိမ်းခြောက်မှု များကို ဖယ်ရှားရန်အတွက် အရေးယူဆောင်ရွက်ထားမှုနှင့် အကာအကွယ် ပြုလုပ်ထားမှုများကို ဆက်သွယ်ဆောင်ရွက်ရန်အတွက် တင်ပြချက် တစ်စောင်ကို စီမံခန့်ခွဲမှု ကြီးကြပ်သူများ သို့ ပေးပို့ပါသည်။

စီမံခန့်ခွဲမှုကြီးကြပ်သူများသို့ ဆက်သွယ်ဆောင်ရွက်ခဲ့သည့် ကိစ္စများအနက် လက်ရှိနှစ်၏ ဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်ဆေးရာတွင် အရေးပါဆုံးသော ကိစ္စရပ်များကို အဓိကကျသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များအဖြစ် သတ်မှတ်ထားပါသည်။ ဥပဒေ သို့မဟုတ် စည်းမျဉ်းများမှ အဆိုပါကိစ္စများနှင့်ပတ်သက်ပြီး အများပြည်သူသို့ ထုတ်ဖော်ခြင်းကို တားမြစ်ထားခြင်းမရှိပါက ကျွန်တော်များ၏ စာရင်းစစ်အစီရင်ခံစာတွင် ဤကိစ္စရပ်များကို ဖော်ပြထားပါသည်။ အဆိုပါကိစ္စရပ်များကို တင်ပြခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများသည် အများပြည်သူရရှိမည့် အကျိုးစီးပွားထက်ပိုများနေသည့် အလွန်ရှားပါးသော အခြေအနေများတွင် ကျွန်တော်များ၏အစီရင်ခံစာတွင် အဆိုပါကိစ္စရပ်များကို မတင်ပြရန်ဆုံးဖြတ်ပါသည်။

အခြားဥပဒေနှင့် စည်းကမ်းချက်ဆိုင်ရာ လိုအပ်ချက်များအပေါ် အစီရင်ခံခြင်း

ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ

(၁) လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီးဖြစ်ကြောင်း

(၂) ကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၂၅၈ နှင့်အညီ ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံအပ်ပါသည်။

နေမင်းသန့် (ပီအေပီပီ - ၄၆၆)
ပါတနာ
ဝင်းသင်နှင့်အဖွဲ့လီမိတက်
စာရင်းစစ်များ
မှတ်ပုံတင်အမှတ် - ACC 008

၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၁) ရက်။

မြန်မာအက်ဂရိုအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

| | မှတ်စု | ၂၀၂၄<br>ကျပ်ထောင်ပေါင်း | ၂၀၂၃<br>ကျပ်ထောင်ပေါင်း |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| **လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ** | | | |
| ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ | ၆ | ၁၁,၅၆၄,၇၃၀ | ၁၁,၈၁၉,၁၄၁ |
| ပုံသေပိုင်ပစ္စည်းများ | ၇ | ၁၇,၂၀၃,၃၉၀ | ၁၂,၁၇၁,၀၈၅ |
| ထိတွေ့ကိုင်တွယ်၍ မရသောပိုင်ဆိုင်ပစ္စည်း | ၈ | ၁၉,၄၀၀ | ၄၆,၂၆၂ |
| | | ၂၈,၇၈၇,၅၂၀ | ၂၄,၀၃၆,၄၈၈ |
| **လက်ငင်းရပိုင်ခွင့်များ** | | | |
| ငွေနှင့် ငွေသားညီမျှခြင်းများ | ၉ | ၂,၅၅၂,၄၃၂ | ၃,၂၅၅,၈၉၆ |
| ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ | ၁၀ | ၇,၁၂၂,၀၅၂ | ၁,၈၂၃,၅၆၈ |
| ကြိုတင်ပေးငွေများ | ၁၁ | ၂,၇၀၇,၈၉၆ | ၁,၅၈၂,၈၅၀ |
| ကုန်လက်ကျန်များ | ၁၂ | ၇၉,၉၀၃ | ၂,၀၅၂,၃၄၉ |
| လုပ်ဆောင်ဆဲလုပ်ငန်းများ | ၁၃ | ၁၆,၁၀၄,၃၂၉ | ၃,၇၉၆,၂၆၉ |
| ဆိုင်းငံ့ထားသောအခွန် | ၁၄ (ခ) | ၇၁,၆၁၆ | ၃၃,၄၀၀ |
| | | ၂၈,၆၃၈,၂၃၈ | ၁၂,၅၄၄,၃၃၂ |
| | | ၅၇,၄၂၅,၇၅၈ | ၃၆,၅၈၀,၈၂၀ |
| **ရင်းနှီးငွေ နှင့် ပေးရန်တာဝန်များ** | | | |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပေးသွင်းပြီး ရှယ်ယာရင်းနှီးငွေ | ၁၅ | ၂၄,၉၉၉,၁၃၀ | ၂၁,၇၅၃,၀၀၁ |
| Right share<br>ထုတ်ဝေမှုအတွက်ကြိုတင်သွင်းငွေ | | – | ၁,၅၅၉,၀၀၂ |
| အမြတ်လက်ကျန်များ | | ၅,၇၈၈,၅၇၈ | ၂,၈၉၆,၆၇၆ |
| | | ၃၀,၇၈၇,၇၀၈ | ၂၆,၂၀၈,၆၇၉ |
| **လက်ငင်းမဟုတ်သော ပေးရန်တာဝန်များ** | | | |
| ချေးယူမှု | ၁၆ | ၄,၆၃၈,၅၉၂ | ၂,၅၀၀,၀၀၀ |
| **လက်ငင်းပေးရန်တာဝန်များ** | | | |
| ကုန်သွယ်မှု နှင့် အခြားပေးရန်ရှိများ | ၁၇ | ၅,၉၂၅,၆၂၃ | ၁,၅၇၈,၁၅၆ |
| စရံနှင့်ကြိုတင်ငွေများ | ၁၈ | ၈,၃၂၆,၇၈၃ | ၂၄၃,၀၀၀ |
| လျာထားချက်များ | ၁၉ | ၃,၆၅၈,၃၉၂ | ၁,၉၆၂,၃၂၅ |
| လျာထားအသုံးစရိတ်များ | ၂၀ | ၄,၀၈၈,၆၆၀ | ၄,၀၈၈,၆၆၀ |
| | | ၂၁,၉၉၉,၄၅၈ | ၇,၈၇၂,၁၄၁ |
| | | ၅၇,၄၂၅,၇၅၈ | ၃၆,၅၈၀,၈၂၀ |

*နောက်ဆက်တွဲမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

(၁) Win Aung
Chairman
Myanmar Agro Exchange Public Limited

(၂) Director
Myanmar Agro Exchange Public Limited

MYANMAR AGRO EXCHANGE PUBLIC LIMITED

(၃) Director
Myanmar Agro Exchange Public Limited

(၄) Aung Gyi
Chief Executive Officer
Myanmar Agro Exchange Public Limited

## မြန်မာအက်ဂရီအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောကာလအတွက် ဝင်ငွေအလုံးစုံ ပါဝင်သောရှင်းတမ်း

| | မှတ်စု | ၂၀၂၄<br>ကျပ်ထောင်ပေါင်း | ၂၀၂၃<br>ကျပ်ထောင်ပေါင်း |
|---|---|---|---|
| **ဝင်ငွေ - အသားတင်** | ၂၁ | ၂၄,၃၉၅,၇၅၃ | ၁၇,၉၆၀,၄၂၄ |
| အရင်းတန်ဖိုး | ၂၃ | (၁၂,၀၂၀,၆၈၄) | (၁၁,၆၈၄,၃၁၇) |
| **အကြမ်းအမြတ်** | | ၁၂,၃၇၅,၀၆၉ | ၆,၂၇၆,၁၀၇ |
| အခြားဝင်ငွေ | ၂၂ | ၂၆၁,၆၇၅ | ၂၇၁,၅၉၀ |
| **အသုံးစရိတ်များ** | | | |
| - စီမံခန့်ခွဲမှု | ၂၃ | (၂,၈၀၅,၉၅၈) | (၁,၉၁၂,၄၂၁) |
| - အရောင်းမြှင့်တင်ခြင်း | ၂၃ | (၁၂၅,၂၃၃) | (၁၈,၉၄၅) |
| - ဘဏ်စရိတ်များ | ၂၃ | (၄၇၅,၈၃၈) | (၁၀,၇၀၉) |
| | | ၉,၂၂၉,၇၁၅ | ၄,၆၀၅,၆၂၂ |
| YCDC အတွက်အမြတ်ဝေစု | ၁၉ | (၂,၃၀၉,၀၁၃) | (၁,၁၅၉,၈၀၁) |
| **အခွန်မလျာထားမီအသားတင်အမြတ်** | | ၆,၉၂၀,၇၀၂ | ၃,၄၄၅,၈၂၁ |
| ဝင်ငွေခွန် | ၁၄ (က) | (၁,၁၇၂,၂၀၇) | (၇၅၈,၀၈၁) |
| **ဘဏ္ဍာရေးနှစ်အတွက်အမြတ်** | | ၅,၇၄၈,၄၉၅ | ၂,၆၈၇,၇၄၀ |
| ဘဏ္ဍာရေးနှစ်အတွက်အခြားဝင်ငွေအလုံးစုံ | | – | – |
| **ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်းဝင်ငွေအလုံးစုံ** | | ၅,၇၄၈,၄၉၅ | ၂,၆၈၇,၇၄၀ |
| **ရှယ်ယာတစ်စု၏ဝင်ငွေ (တစ်စောင်လျှင်တန်ဖိုးကျပ်)** | | | |
| Basic earnings per share | ၂၆ | ၂၄၁ | ၁၂၄ |
| Diluted earnings per share | ၂၆ | ၂၄၅ | ၁၂၄ |

*နောက်ဆက်တွဲမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

## မြန်မာအက်ဂရိုအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောကာလအတွက် အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှု ရှင်းတမ်း

| | ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | Right share ထုတ်ဝေမှုအတွက်ကြိုတင်သွင်းငွေ | အမြတ်လက်ကျန် | စုစုပေါင်း |
|---|---|---|---|---|
| | ကျပ်ထောင်ပေါင်း | ကျပ်ထောင်ပေါင်း | ကျပ်ထောင်ပေါင်း | ကျပ်ထောင်ပေါင်း |
| ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁)ရက် | ၂၁,၇၅၃,၀၀၁ | ၁,၅၅၉,၀၀၂ | ၂,၈၉၆,၆၇၆ | ၂၆,၂၀၈,၆၇၉ |
| နှစ်အတွင်းထပ်တိုးခြင်း | ၁,၆၈၇,၁၂၇ | – | – | ၁,၆၈၇,၁၂၇ |
| မှ/သို့ စာရင်းပြောင်းမှု | ၁,၅၅၉,၀၀၂ | (၁,၅၅၉,၀၀၂) | – | – |
| ဘဏ္ဍာရေးအစီရင်ခံသည့်နှစ်အတွက်အမြတ် | – | – | ၅,၇၄၈,၄၉၅ | ၅,၇၄၈,၄၉၅ |
| ဘဏ္ဍာရေးအစီရင်ခံသည့်နှစ်အတွက်အခြားဝင်ငွေ အလုံးစုံ | – | – | – | – |
| ဘဏ္ဍာရေးကာလအတွက်စုစုပေါင်းဝင်ငွေအလုံးစုံ | ၂၄,၉၉၉,၁၃၀ | – | ၈,၆၄၅,၁၇၁ | ၃၃,၆၄၄,၃၀၁ |
| ပိုင်ရှင်များသို့ / ပိုင်ရှင်များထံမှ ထည့်ဝင်ငွေများ | | | | |
| အစုရှယ်ယာထုတ်ဝေခြင်း | – | – | – | – |
| အမြတ်ဝေစု (မှတ်စု ၂၄) | – | – | (၂,၈၅၆,၅၉၃) | (၂,၈၅၆,၅၉၃) |
| | – | – | (၂,၈၅၆,၅၉၃) | (၂,၈၅၆,၅၉၃) |
| ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက် | ၂၄,၉၉၉,၁၃၀ | – | ၅,၇၈၈,၅၇၈ | ၃၀,၇၈၇,၇၀၈ |
| | | | | |
| ၂၀၂၂ ခုနှစ် ၊ဧပြီလ (၁)ရက် | ၂၁,၇၅၃,၀၀၁ | – | ၂,၈၀၅,၈၂၉ | ၂၄,၅၅၈,၈၃၀ |
| Right Share ထုတ်ဝေမှုအတွက်ကြိုတင်သွင်းငွေများ | – | ၁,၅၅၉,၀၀၂ | – | ၁,၅၅၉,၀၀၂ |
| ဘဏ္ဍာရေးအစီရင်ခံသည့်နှစ်အတွက်အမြတ် | – | – | ၂,၆၈၇,၇၄၀ | ၂,၆၈၇,၇၄၀ |
| ဘဏ္ဍာရေးအစီရင်ခံသည့်နှစ်အတွက်အခြားဝင်ငွေ အလုံးစုံ | – | – | – | – |
| ဘဏ္ဍာရေးကာလအတွက်စုစုပေါင်းဝင်ငွေအလုံးစုံ | ၂၁,၇၅၃,၀၀၁ | ၁,၅၅၉,၀၀၂ | ၅,၄၉၃,၅၆၉ | ၂၈,၈၀၅,၅၈၂ |
| ပိုင်ရှင်များသို့ / ပိုင်ရှင်များထံမှ ထည့်ဝင်ငွေများ | | | | |
| အစုရှယ်ယာထုတ်ဝေခြင်း | – | – | – | – |
| အမြတ်ဝေစု (မှတ်စု ၂၄) | – | – | (၂,၅၉၆,၉၀၃) | (၂,၅၉၆,၉၀၃) |
| | – | – | (၂,၅၉၆,၉၀၃) | (၂,၅၉၆,၉၀၃) |
| ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက် | ၂၁,၇၅၃,၀၀၁ | ၁,၅၅၉,၀၀၂ | ၂,၈၉၆,၆၇၆ | ၂၆,၂၀၈,၆၇၉ |

*နောက်ဆက်တွဲမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

## မြန်မာအက်ဂရီအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောကာလအတွက် ငွေသားစီးဆင်းမှုရှင်းတမ်း

| | မှတ်စု | ၂၀၂၄<br>ကျပ်ထောင်ပေါင်း | ၂၀၂၃<br>ကျပ်ထောင်ပေါင်း |
|---|---|---|---|
| **လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| အခွန်မနုတ်မီ အသားတင်အမြတ် | | ၆,၉၂၀,၇၀၂ | ၃,၄၄၅,၈၂၁ |
| *ကိုက်ညှိရေးဆွဲချက်များ* | | | |
| - တန်ဖိုးလျော့ | | ၁,၀၀၂,၅၅၃ | ၇၅၈,၂၈၆ |
| - အတိုးရငွေ | | (၁၂၁,၆၄၇) | (၁၀၀,၁၀၉) |
| -ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်ပစ္စည်းစာရင်းပယ်ဖျက်ခြင်း | | (၁,၆၁၇) | – |
| **လည့်လည်ရင်းနှီးငွေပြောင်းလဲမှုမတိုင်ခင်လုပ်ငန်းဆောင်ရွက်ချက်အမြတ်** | | ၇,၇၉၉,၉၉၁ | ၄,၁၀၃,၉၉၈ |
| လည့်လည်ရင်းနှီးငွေပြောင်းလဲမှုများ | | | |
| - ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ | | (၅,၂၉၈,၄၈၄) | ၄၆,၄၅၇ |
| - ကြိုတင်ပေးငွေများ | | (၄၂၈,၈၁၅) | (၂၀၈,၃၃၄) |
| - ကုန်လက်ကျန်များ | | ၁,၉၇၂,၄၃၆ | (၁,၆၃၂,၃၉၈) |
| - လုပ်ဆောင်ဆဲလုပ်ငန်းများ | | (၁၂,၃၀၈,၀၆၀) | ၂၀၈,၄၉၃ |
| - ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ | | ၄,၂၈၃,၅၈၆ | (၅,၀၀၀,၇၆၄) |
| - စရံနှင့်ကြိုတင်ငွေများ | | ၈,၀၈၃,၇၈၂ | – |
| - လျာထားချက်များ | | ၁,၂၃၉,၄၁၃ | ၆၄၉,၆၀၇ |
| - လျာထားအသုံးစရိတ်များ | | – | ၄,၀၈၈,၆၆၀ |
| **လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဝင်မှု** | | ၅,၃၄၃,၈၄၉ | ၂,၂၅၅,၇၁၉ |
| အတိုးရရှိမှု | | ၁၂၁,၆၄၇ | ၁၀၀,၁၀၉ |
| ဝင်ငွေခွန်ပေးသွင်းမှု | | (၁,၄၅၀,၀၀၀) | (၅၂၀,၆၁၇) |
| **လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှု** | | ၄,၀၁၅,၄၉၆ | ၁,၈၃၅,၂၁၁ |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှရငွေ | | ၂,၃၂၅ | – |
| ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများဝယ်ယူမှု | | (၂၁,၁၉၇) | (၉၃၆,၅၁၂) |
| ပုံသေပိုင်ပစ္စည်းများဝယ်ယူမှု | | (၅,၇၄၅,၈၆၉) | (၂,၂၃၂,၅၅၄) |
| ဆော့ဖ်ဝဲဝယ်ယူမှု | | (၁,၇၀၀) | – |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ အသားတင်ငွေသား အသုံးပြုမှု** | | (၅,၇၆၆,၄၄၁) | (၃,၁၆၉,၀၆၆) |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| Right share ထုတ်ဝေမှု အတွက် ကြိုတင်သွင်းငွေများ | | ၁,၆၈၇,၁၂၇ | ၁,၅၅၉,၀၀၂ |
| ချေးယူမှုမှရငွေ | | ၂,၅၀၀,၀၀၀ | ၂,၅၀၀,၀၀၀ |
| ချေးငွေပြန်ဆပ်မှု | | (၃၆၁,၄၀၈) | – |
| အစုရှယ်ယာရှင်များသို့အမြတ်ဝေစုပေးခြင်း | | (၂,၇၇၈,၂၃၈) | (၂,၅၇၅,၉၈၇) |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ အသားတင်ငွေသား စီးဝင်မှု** | | ၁,၀၄၇,၄၈၁ | ၁,၄၈၃,၀၁၅ |
| **ငွေသားအသားတင် အတိုး / (အလျော့)** | | (၇၀၃,၄၆၄) | ၁၄၉,၁၆၀ |
| နှစ်အစရှိငွေ နှင့် ဘဏ်လက်ကျန် | | ၃,၂၅၅,၈၉၆ | ၃,၁၀၆,၇၃၆ |
| **နှစ်အဆုံးရှိငွေ နှင့် ဘဏ်လက်ကျန်** | ၉ | ၂,၅၅၂,၄၃၂ | ၃,၂၅၅,၈၉၆ |

*နောက်ဆက်တွဲမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

# မြန်မာအက်ဂရီအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
# ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများ
# ၂၀၂၄ ခုနှစ် မတ်လ (၃၁)ရက်

ဤမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး ဘဏ္ဍာရေးရှင်းတမ်းများနှင့် အတူတကွ ဖတ်ရှုရမည်ဖြစ်ပါသည်။

## ၁။ အထွေထွေ

ပေးရန်တာဝန်ကန့်သတ်ထားသော မြန်မာအက်ဂရီအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၅ခုနှစ် ၊ စက်တင်ဘာလ (၁၄) ရက်နေ့တွင် ဖွဲ့စည်းတည်ထောင် ခဲ့ပါသည်။ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် အမှတ် ၁၇၈၉/ ၂၀၁၅-၂၀၁၆ (ရန်ကုန်) ဖြင့် (၁၄.၉.၂၀၁၅) နေ့တွင် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ထုတ်ပေးခဲ့ပါသည်။ ကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်အရ ပြန်လည်မှတ်ပုံတင်ပြီး ကုမ္ပဏီမှတ်ပုံတင်အမှတ်မှာ ၁၁၂၈၇၅၉၅ ဖြစ်ပါသည်။

ကုမ္ပဏီကို ကမကထပြုသူ (၁၁)ဦးဖြင့် တည်းကုန်းလက်ကားဈေးကြီး တည်ဆောက်ရန်နှင့် စီမံခန့်ခွဲရန် ရည်ရွယ်၍ တည်ထောင်ခဲ့ပါသည်။ တည်းကုန်းလက်ကားဈေးသည် အင်းစိန်မြို့နယ် ၊ ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်း ထောင့်တွင် တည်ရှိသည်။ ၂၀၁၅ခုနှစ် နှစ်ဦးပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) မှ ပြုလုပ်သော တည်းကုန်းလက်ကားဈေးစီမံကိန်း တည်ဆောက်ခွင့်နှင့် စီမံခန့်ခွဲခွင့်တင်ဒါကို အခြားတင်ဒါ တင်သွင်းသူများနှင့် အတူ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး (၃၁.၃.၂၀၁၅) နေ့တွင် ဒဂုန်အင်တာနေရှင်နယ်လီမိတက် (DIL) က ရွေးချယ်ခံ ခဲ့ရပြီး တင်ဒါအောင်မြင်ခဲ့ပါသည်။ တင်ဒါပါစည်းကမ်းချက်များအရ DIL သည် စီမံကိန်း ဆောင်ရွက်ရန် အများပိုင် ကုမ္ပဏီတစ်ခု တည်ထောင်ဖွဲ့စည်းရာတွင် အဆိုပါကုမ္ပဏီ၌ DIL မှ အစုရှယ်ယာ ၄၅% ကို ကမကထ ပြုလုပ်သူ/ မူလတည်ထောင်သူ အနေဖြင့် ကနဦးမတည်ပြီး မြန်မာအက်ဂရီအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်ကို တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ကုမ္ပဏီကို ဖွဲ့စည်းပြီးသည့် အခါတွင်လည်း ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့၏ တည်းကုန်းတင်ဒါစာလွှာပါ တင်ဒါလုပ်ငန်းလိုအပ်ချက် (၅-က)၊ (၁၆)အရ မူလတင်ဒါ အောင်မြင်ထားသူ DIL ကိုသာ အဓိကကန်ထရိုက်တာအဖြစ် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

ကုမ္ပဏီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ YCDC မှ မြေဧရိယာ ၈၂.၇၈ ဧကအား ကနဦးနှစ် (၅၀) ၊ တိုးချဲ့နှစ် (၂၀) ဖြင့်ငှားရမ်းပြီး တည်းကုန်းလက်ကားဈေးကြီး စီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်ရန် ရင်းနှီးမြှုပ်နှံ ထားပါသည်။ လုပ်ငန်းပင်မအဆောက်အအုံများဖြစ်သည့် ဈေးရုံကြီးများတည်ဆောက်ရေး လုပ်ငန်းပြီးစီးပါက လက်ကားဈေးကြီး ဖွင့်လှစ် လည်ပတ်ခြင်း စီမံခန့်ခွဲမှုကိစ္စအဝဝကို ကုမ္ပဏီမှ မြေငှားရမ်း ကာလအတိုင်း ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

မှတ်ပုံတင်ထားသော ကုမ္ပဏီ၏လိပ်စာသည် အမှတ် (၂၆၂-၂၆၄) ၊ပြည်လမ်း ၊ ဒဂုန်စင်တာ ၊ Block (အေ) ၊ (၄) လွှာ ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ဖြစ်ပါသည်။

ကုမ္ပဏီသည် ၂၀၁၈ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့တွင် မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်၍ ထိုနေ့မှစ၍ ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိခဲ့ပါသည်။ ယင်းဝင်ငွေခွန်ကင်းလွတ်ခွင့်သည် ၂၀၂၂ ခုနှစ် ဇွန်လတွင် ကုန်ဆုံးခဲ့ပါသည်။

ကုမ္ပဏီသည် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ရန် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ စတော့အိတ်ချိန်းဝင်သည့်နေ့စွဲမှာ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃ ရက်ဖြစ်ပါသည်။ စတော့အိတ်ချိန်းဝင်ပြီးနောက်ကုမ္ပဏီသည် ဝင်ငွေခွန်ကို ၁၇ ရာခိုင်နှုန်းသာပေးဆောင်ရပါသည်။

## ၂။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ်

ဘဏ္ဍာရေးရှင်းတမ်းများတွင် တသမတ်တည်း ကျင့်သုံးခဲ့သော အဓိကကျသည့် စာရင်းမူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### (က) စာရင်းရေးဆွဲခြင်းဆိုင်ရာအခြေခံမှုများ

ပူးတွဲပါ ဘဏ္ဍာရေးရှင်းတမ်းကို မြန်မာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီ ဖော်ပြထားပါသည်။ ဘဏ္ဍာရေးရှင်းတမ်းကို ပြီးခဲ့သည့် ဖြစ်ရပ်များအပေါ် အခြေခံသည့် လုပ်ရိုးလုပ်စဉ်(Historical Cost Convention) အရမူရင်းတန်ဖိုးရေးဆွဲဖော်ပြထားပါသည်။

### (ခ) နိုင်ငံခြားငွေကြေးအား ပြောင်းလဲသတ်မှတ်ခြင်း

*(၁) လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေးနှင့် စာရင်းတင် ဖော်ပြသည့်ငွေကြေး*
ကုမ္ပဏီမှ လုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကကျသော စီးပွားရေးပတ်ဝန်းကျင်၏ ငွေကြေးဖြစ်သော မြန်မာကျပ်ငွေကို လုပ်ငန်းဆောင်ရွက်သည့် ငွေကြေး (the “Functional Currency”) ဟု သတ်မှတ်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းကို ကုမ္ပဏီ၏ လုပ်ငန်းလုပ်ဆောင်သည့်ငွေကြေးပမာဏဖြစ်သော မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

*(၂) လုပ်ငန်းဆောင်ရွက်ချက်နှင့် စာရင်းလက်ကျန်များ*
နိုင်ငံခြားငွေဖြင့် ပြုလုပ်သော လုပ်ငန်းဆောင်ရွက်ချက်များသည် လုပ်ဆောင်ချက်ဖြစ်ပေါ်သည့် နေ့တွင် ရှိသော ငွေလဲနှုန်းဖြင့် လုပ်ငန်းဆောင်ရွက်သည့် ငွေကြေးအဖြစ်သို့ ပြောင်းလဲထားပါသည်။ နိုင်ငံခြားငွေဖြင့် ဖော်ပြသော ငွေကြေးနှင့်ဆိုင်သည့် ပိုင်ဆိုင်ပစ္စည်းနှင့် ပေးရန်တာဝန်များကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်ရှိ ငွေလဲနှုန်းဖြင့် ပြောင်းလဲချက်နှင့်၊ ၎င်းနိုင်ငံခြားငွေကြေး များကို စာရင်းရှင်းလင်းရာမှ ဖြစ်ပေါ်လာသော နိုင်ငံခြားငွေ ဖြစ်ပေါ်သောအမြတ် ၊ အရှုံးများကို ဝင်ငွေရှင်းတမ်းတွင် စာရင်းရေးသွင်း ပါသည်။

### (ဂ) ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများမှာ ငှားရမ်းခရရန် / သို့မဟုတ် ရင်းနှီးငွေတိုးစေရန် (သို့မဟုတ်နှစ်ရပ်လုံး) ကိုင်ဆောင်ထားသော ပိုင်ဆိုင်ပစ္စည်းများဖြစ်သည်။ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများကို မူရင်းတန်ဖိုးဖြင့် ကနဦးစာရင်း ရေးသွင်းပြီး ဆက်လက်၍ မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှင့် စုစုပေါင်း ချွတ်ယွင်းပြုန်းတီးမှု တန်ဖိုးကိုနုတ်၍ တန်ဖိုးသယ်ဆောင်ဖော်ပြပါသည်။

ရင်းနှီးမြှုပ်နှံထားသောပိုင်ဆိုင်ပစ္စည်းများ၏ သက်တမ်းကုန်တန်ဖိုးများ၊ အသုံးဝင်သက်တမ်းများနှင့် တန်ဖိုးလျော့နည်းကို လက်ကျန်ရှင်းတမ်း ရေးဆွဲသောနေ့တိုင်းတွင် ပြန်လည်သုံးသပ်၍ လိုအပ်သလို ညှိနှိုင်းသည်။ ပြောင်းလဲမှုများရှိသည့်အခါ ယင်းတို့၏ အကျိုးသက်ရောက်မှုများကို အရှုံးအမြတ်စာရင်းတွင် ဖော်ပြသည်။

အဓိကကျသော ပြုပြင်မွမ်းမံမှုစရိတ်များကို မတည်အသုံးစရိတ်အဖြစ် စာရင်းသွင်းပြီး အစားထိုး အစိတ်အပိုင်းများ၏ သယ်ဆောင်တန်ဖိုးများကို အရှုံးအမြတ်စာရင်းတွင် ရေးသွင်းသည်။ ပြုပြင်ထိန်းသိမ်းမှုစရိတ်နှင့် အသေးစားစရိတ်တိုးမြှင့်မှုများ ကုန်ကျသည့်အခါ၌ အရှုံးအမြတ် စာရင်းတွင်ရေးသွင်းသည်။

၂။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ် (အဆက်)

(ဂ) ရင်းနှီးမြုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ (အဆက်)

တန်ဖိုးလျော့ကို Straight-line method ဖြင့် တွက်ချက်၍ တန်ဖိုးလျော့ပမာဏကို ခန့်မှန်းအသုံးဝင်သက်တမ်း နှစ် (၅၀) သတ်မှတ်ခဲ့ဝေကျခံသည်။

ရင်းနှီးမြုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းတစ်ခု၏ ထုခွဲရောင်းချခြင်းနှင့်စပ်လျဉ်း၍ လက်ကျန်တန်ဖိုးနှင့် ထုခွဲရောင်းချခြင်းမှ ရငွေတို့၏ ခြားနားချက်ကို အရှုံးအမြတ်စာရင်းတွင် ရေးသွင်းသည်။

(ဃ) ပုံသေပိုင်ပစ္စည်း

ပုံသေပိုင်ပစ္စည်းများအားလုံးကို မူရင်းတန်ဖိုးဖြင့် ဦးစွာ စာရင်းဖော်ပြသည်။ ယင်းသို့စာရင်းဖော်ပြပြီးနောက် ယင်းပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှင့် စုစုပေါင်းချွတ်ယွင်းပြုန်းတီးမှုတန်ဖိုးများ နုတ်၍ တိုင်းတာသည်။ မူရင်းတန်ဖိုးတွင် ပုံသေပိုင်ပစ္စည်းများကို အစားထိုးစရိတ်များ ပါဝင်သည်။ ပုံသေပိုင်ပစ္စည်းတစ်ခု၏ စရိတ်ကို ယင်းပစ္စည်းနှင့်ဆက်စပ်နေသော အနာဂတ်စီးပွားရေးအကျိုးအမြတ်များ ကုမ္ပဏီသို့ စီးဝင်ရန်နှင့် ယင်းပစ္စည်း၏ စရိတ်ကို ခိုင်လုံစွာ တိုင်းတာနိုင်သည့်အခါမှသာ စာရင်းရေးသွင်းသည်။

ကြားကာလတွင် ပုံသေပိုင်ပစ္စည်း၏အဓိကအစိတ်အပိုင်းများကို အစားထိုးရန် လိုအပ်သောအခါ ကုမ္ပဏီသည် ယင်းအစိတ်အပိုင်းများကို ပုံသေပိုင်ပစ္စည်းတစ်ခုစီအဖြစ် တိကျသော အသုံးဝင်သက်တမ်းများ၊ တန်ဖိုးလျော့တို့ဖြင့် အသီးသီး စာရင်းဖော်ဆောင်သည်။ ထို့အတူ အဓိကကျသော စစ်ဆေးမှုကို ပြုလုပ်သောအခါ စာရင်းရေးသွင်းရန် စံများပြည့်မှီပါက ၎င်းကုန်ကျစရိတ်ကို ပုံသေပိုင်ပစ္စည်း၏ သယ်ဆောင်တန်ဖိုးတွင် အစားထိုးစရိတ်အဖြစ် စာရင်းရေးသွင်းသည်။ အခြားသော ပြုပြင်ထိန်းသိမ်းမှုစရိတ်များကို ကုန်ကျသည့်အခါ၌ အရှုံးအမြတ်စာရင်းတွင် ရေးသွင်းသည်။

တန်ဖိုးလျော့ကို ပုံသေပိုင်ဆိုင်ပစ္စည်း၏ ခန့်မှန်းအသုံးဝင်မှု သက်တမ်းအပေါ်တွင် မူတည်၍ Straight-line method ဖြင့် တွက်ချက်ထားပါသည်။

| | အသုံးဝင်မှုသက်တမ်းနှစ်များ |
|---|---|
| ပရိဘောဂပစ္စည်းများ | ၃ |
| ရုံးသုံးပစ္စည်းကိရိယာများ | ၂ - ၃ |
| မော်တော်ယာဉ် | ၅ |
| MPT ဖုန်းလိုင်း | ၅ |
| ရုံးအဆောက်အဦး | ၄၅.၂၅ |
| ကားရပ်နားနေရာထိန်းချုပ်မှုစနစ် | ၃ |
| မီးတိုင်နှင့် မီးတိုင်ဆက်စပ်ပစ္စည်းများ | ၅ |
| ရွှေ့ပြောင်းဈေးဆိုင်ခန်းယဉ် | ၃ |
| လုပ်ငန်းခွင်သုံးကိရိယာ | ၃ |
| ဆိုလာစနစ် | ၁၆ |
| Development cost | ၅၀ |

၂။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ် (အဆက်)

(င) **ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်ပစ္စည်း**

သတ်မှတ်၍မရသော သက်တမ်းရှိသည့် နာမည်ကောင်းတန်ဖိုးမှလွဲ၍ intangible asset တစ်ခုကို ယင်း၏ မူရင်းတန်ဖိုးမှ တန်ဖိုးလျော့နှင့် အခြားလျော့ရမည့်တန်ဖိုး (ရှိပါက) ကိုနှုတ်၍ ဖော်ပြပါသည်။

တန်ဖိုးလျော့သည့်နည်းလမ်းမှာ Straight-line method ပေါ် အခြေခံသည်။

| | ခန့်မှန်းအသုံးဝင်သက်တမ်း |
|---|---|
| Market operation system | ၃ နှစ် |
| E commerce system | ၃ နှစ် |

(စ) **ငွေနှင့်ငွေသားညီမျှခြင်းများ**

ငွေသားစီးဆင်းမှုရှင်းတမ်းတွင် တင်ပြရာ၌ ငွေနှင့် ငွေသားညီမျှခြင်းတွင် လက်ကျန်ငွေနှင့် ဘဏ်များ၌ ထားရှိသည့်ငွေများ ပါဝင်ပါသည်။

(ဆ) **ကုန်လက်ကျန်များ**

ကုန်လက်ကျန်တန်ဖိုးကို ကုန်ကျစရိတ်နှင့် အသားတင်ရောင်းရငွေတို့အနက် နည်းသောပမာဏဖြင့် စာရင်း ဖော်ဆောင် ပါသည်။ ပစ္စည်းတန်ဖိုးကို first-in , first-out နည်းကိုသုံး၍ သတ်မှတ်သည်။ ကုန်ချောတန်ဖိုးနှင့် လုပ်ဆဲအလုပ်တွင် ကုန်ကြမ်းတန်ဖိုးများ၊ တိုက်ရိုက်အလုပ်သမားစရိတ် ၊ အခြားတိုက်ရိုက် ကုန်ကျစရိတ်များနှင့် ဆက်စပ်ထုတ်လုပ် ကုန်ကျစရိတ်များ (ပုံမှန်လုပ်ငန်းစွမ်းဆောင်မှုအပေါ်အခြေခံ၍) နှင့် ချေးငွေစရိတ်များ ပါဝင် ပါသည်။ မူရင်းတန်ဖိုးတွင် နိုင်ငံခြားငွေကြေးဖြင့် ကုန်ဝယ်ယူမှုအတွက် ငွေသားနှင့်သက်ဆိုင်သော အန္တရာယ် ကင်းရှင်းမှုရှိစေရန် ပြုလုပ်ထားမှုအပေါ် ပေါ်ထွက်လာသော မည့်သည့်အရှုံးအမြတ်များမဆို ပါဝင်ပါသည်။ အသားတင် အရောင်းတန်ဖိုး ဆိုသည်မှာ ခန့်မှန်းရောင်းဈေးမှ သာမန်စီးပွားရေးလုပ်ငန်းတစ်ခုတွင် ပြီးဆုံးသည်အထိ ခန့်မှန်းကုန်ကျစရိတ်နှင့် တိုက်ရိုက်ဖြစ်သော အရောင်းကုန်ကျစရိတ်များ အားလုံး နုတ်ပြီးထားသောတန်ဖိုးဖြစ်ပါ သည်။

(ဇ) **ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ**

ကုန်သွယ်မှုနှင့် အခြားရရန်ရှိများကို ဦးစွာ ကာလတန်ဖိုးဖြင့် စာရင်းရေးသွင်းပြီးနောက် effective interest method ကို အသုံးပြု၍ နောက်ပိုင်းကာလတွင် လျော့ချပြီးတန်ဖိုးမှ ပျက်စီးဆုံးရှုံးမှုအတွက် လျာထားသော တန်ဖိုးကိုနှုတ်၍ စာရင်းသယ်ဆောင်ပါသည်။ ရပိုင်ခွင့်လျော့ကျသွားသည့် အထောက်အထား ခိုင်လုံသောအခါ ခန့်မှန်း၍ရသော ပြန်မရနိုင်သည့် ပမာဏများအတွက် သင့်လျော်သော စရိတ်များကို အရှုံးအမြတ်စာရင်းတွင် ထည့်သွင်းသည်။

(ဈ) **ဆိုင်းငံ့ထားသောအခွန်**

